IOM • OIM

ရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်

ထုတ်ဝေချက် ၂၀ – ဇွန်လ ၂၀၁၃

ဤရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်တွင် လူကုန်ကူးခြင်းခံခဲ့ရသူများ အတွက် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ကောက်ခံငွေ ကင်းလွတ်ခွင့်ပြုခြင်း၊ ရွှေ့ပြောင်းသူများနေရပ်ပြန်ပို့ခြင်း ရုံပုံငွေအတွက် ကူညီထောက်ပံ့မှုများဆိုင်ရာ ဝန်ကြီးဌာနအဆင့် ပြဋ္ဌာန်းချက်၊ ရွှေ့ပြောင်းအလုပ်သမားများအတွက် ကျန်းမာရေး အာမခံရရှိနိုင်ရေး ဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းစဉ် အသေးစိတ်ဖော်ပြချက်များ၊ လူဝင်မှု ကြီးကြပ်ရေးဗျူရို၏ ရွှေ့ပြောင်းလုပ်သားရေးရာ ဝန်ဆောင်မှုဌာန တည်နေရာအသစ်များနှင့် ရွှေ့ပြောင်းလုပ်သား တရားဝင်နေထိုင်ခွင့်ပြုလုပ်ခြင်း လုပ်ငန်းစဉ်များ အပါအဝင် ထိုင်းနိုင်ငံအတွင်းရှိ ရွှေ့ပြောင်းလုပ်သားများအား ရည်ညွှန်း၍ နောက်ဆုံးထုတ်ပြန်ထားသော ပြဋ္ဌာန်းချက်များအပေါ် အကျဉ်းချုံးဖော်ပြချက်များ ပါဝင်သည်။ ထိုင်းနိုင်ငံအတွင်းရှိ ရွှေ့ပြောင်းသူများဆိုင်ရာစာရင်းဇယားများကိုလည်း တင်ပြထားပါသည်။

<u>လူကုန်ကူးခြင်းခံခဲ့ရသူများအတွက်အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ကောက်ခံငွေကင်းလွတ်ခွင့်ပြုခြင်း ဆိုင်ရာဝန်ကြီး ဌာနအဆင့် ပြဋ္ဌာန်းချက်မူကြမ်း</u>

ထိုင်းနိုင်ငံအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ် မေလ ၃ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သော လူကုန်ကူးခြင်းခံခဲ့ရသူများအား ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်ခွင့်ပြုသည့် သဘောတူညီချက်အရ ၂၀၁၃ ခုနှစ် မေလ ၁၄ ရက်နေ့တွင် ထိုင်းနိုင်ငံအစိုးရအဖွဲ့မှ ၎င်းရွှေ့ပြောင်းအလုပ်သမားများအတွက် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်အတွက်ကောက်ခံငွေ ကင်းလွတ်ခွင့်ပြုပေးရန်ပြဋ္ဌာန်းချက်ကို အတည်ပြုပေးခဲ့သည်။ ဤဝန်ကြီးဌာနအဆင့်ပြဋ္ဌာန်းချက်ကို အလုပ်သမား ဝန်ကြီးဌာနမှ အဆိုပြုခဲ့ခြင်းဖြစ်ပြီး လက်ရှိအနေအထားတွင် ယင်းအဆိုပြုချက်ကို နိုင်ငံတော် အကြံပေးကောင်စီမှ စိစစ်ပြင်ဆင်လျှက်ရှိသည်။ ထို့အပြင် နိုင်ငံတော်စီးပွားရေးရာရုံးနှင့် လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ မှလည်း အလုပ်သမားဝန်ကြီးဌာန၏ပြဋ္ဌာန်းချက်အပေါ် အကြံပြုချက်များကို တင်ပြသွားမည် ဖြစ်သည်။

လူကုန်ကူးခြင်းခံခဲ့ရသော ရွှေ့ပြောင်းအလုပ်သမားများအတွက် ဥပဒေနှင့်အညီတရားစွဲဆိုနိုင်ရန် ပြင်ဆင်ပေးခြင်း၊ ကျန်းမားရေးစောင့်ရှောက်မှုပေးခြင်း၊ ရုပ်ပိုင်းနှင့်စိတ်ဓါတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်းနှင့် ခံစားပိုင်ခွင့် များ တောင်းဆိုခြင်းစသော အချက်များကို ပြုလုပ်နိုင်စေရန် ရည်ရွယ်ပြီး ထိုင်းနိုင်ငံအတွင်း ၆ လကြာ နေထိုင်၍ အလုပ်လုပ်ကိုင်နိုင်ရန် ခွင့်ပြုပေးထားသည်။ ၎င်းတို့အနေဖြင့် ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်ခွင့်ရရန် အောက်ပါအခြေအနေ ၂ ရပ်နှင့် ကိုက်ညီရမည် ဖြစ်သည် –

(၁) လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားဘဝလုံခြုံရေးဝန်ကြီးဌာန၏ လူမှုဖူလုံရေးနှင့် သက်သာ ချောင်ချိရေးဌာနမှ အလုပ်လုပ်ကိုင်ရန်ခွင့်ပြုချက် ရရှိထားပြီး ဖြစ်ရမည်၊
(၂) အလုပ်ရှင်တစ်ဦးရှိရမည်။

လူမှုဖူလုံရေးနှင့် သက်သာချောင်ချိရေးဌာနသည် ထိုရွှေ့ပြောင်းအလုပ်သမားများ မကျန်းမာပါက မည်သည့်ကုန်ကျစရိတ်ကိုမဆို ကျခံပေးရန်တာဝန်ရှိသည်။

ဘန်ကောက်မြို့ရှိ ရွှေ့ပြောင်းလုပ်သားရေးရာ ဝန်ဆောင်မှုဌာနအသစ်များ

ဘန်ကောက်မြို့ Soi Suan Plu ရှိ လူဝင်မှုကြီးကြပ်ရေးဗျူရိုမှဖွင့်လှစ်ထားခဲ့သော မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားရွှေ့ပြောင်းလုပ်သားများအတွက် ရွှေ့ပြောင်းလုပ်သားရေးရာဝန်ဆောင်မှုဌာနကို ၂၀၁၃ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ပိတ်သိမ်းခဲ့ပြီး ဖြစ်သည်။ ဌာနအသစ် ၂ ခုကို အောက်ပါနေရာများတွင် ဖွင့်လှစ်ထားပါသည် –

၁။ Major Hollywood Suksawad (၂၀၁၃ ခုနှစ် မေလ ၁ ရက်နေ့မှ စတင်ဆောင်ရွက်သည်)
ဖုန်း – ၀၂–၄၆၃၂၀၂၀၊ ၀၂–၄၆၃၂၀၄၄–၆

၂။ Imperial World Department Store, Ladprao (၂၀၁၃ ခုနှစ် မေလ ၂၀ ရက်နေ့မှစတင်သည်)
ဖုန်း – ၀၂–၅၃၀၄၅၃၅–၆ ၊ ၀၂–၅၃၀၄၆၆၀–၁

ရုံးချိန် (ဌာန ၂ ခုစလုံးအတွက်)– ၁၀း၃၀ မှ ၁၂း၃၀ ထိ၊ ၁၃း၃၀ မှ ၁၈း၃၀ ထိ၊ တနင်္လာ မှ သောကြာ (အစိုးရရုံးပိတ်ရက်များမှအပ)
ထိုဌာနများမှ ဆောင်ရွက်ပေးသော ဝန်ဆောင်မှုများတွင် ထိုင်းနိုင်ငံအတွင်း နေထိုင်ခွင့် သက်တမ်းတိုးပေးခြင်း၊ ရက် ၉၀ လျှင်တစ်ကြိမ် နေထိုင်ခွင့်ဆိုင်ရာသတင်းပေးပို့ခြင်း၊ ပြည်ဝင်ခွင့် (visa) နှင့် ပြန်လည်ပြည်ဝင်ခွင့် (re-entry) တို့အတွက် လျှောက်လွှာများလက်ခံခြင်းနှင့် ခွင့်ပြုချက်များချမှတ် ပေးခြင်းတို့ ပါဝင်သည်။

ရွှေ့ပြောင်းလုပ်သား တရားဝင်နေထိုင်ခွင့်ပြုရေး လုပ်ငန်းစဉ်တွင် လာအိုအရာရှိများ ထပ်တိုးနေရာချ ထားခြင်း

လွန်ခဲ့သော ဇွန်လ၌ ထိုင်းနိုင်ငံ ချင်းမိုင်ခရိုင်အတွင်း ပြုလုပ်ခဲ့သော ထိုင်း–လာအို အစိုးရအဖွဲ့ အစည်းအဝေးတွင် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနသည် လာအိုနိုင်ငံသားများ၏ တရားဝင်နေထိုင်ခွင့် ပြုလုပ်နိုင်ရေး တောင်းခံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လာအိုနိုင်ငံမှ အရာရှိများအား ထိုင်းနိုင်ငံအတွင်းရှိ တစ်နေရာတည်းတွင်လုပ်ငန်းအစမှအဆုံးထိ ဆောင်ရွက်နိုင်သောဌာန (OSSCs) များတွင် ထပ်တိုးနေရာချထားပေးနိုင်ရေးအတွက် တောင်းဆိုခဲ့သည်။ လက်ရှိအနေအထားတွင် ထိုင်းနိုင်ငံအတွင်း၌ လာအိုနိုင်ငံသားရေးရာ ဆောင်ရွက်နေသော အရာရှိ ၇ ဦးသာရှိသည်။ တရားဝင်နေထိုင်ခွင့် လျှောက်ထားခဲ့သော လာအိုရွှေ့ပြောင်းအလုပ်သမား ၆၆ယ၀၀၀ ခန့်ရှိပြီး လုပ်သား ၂,၃၀၀ ခန့်သာ လိုအပ်သော စာရွက်စာတမ်းများ (ယာယီနိုင်ငံကူးလက်မှတ်) ရရှိသေးသည်။ http://www.mcot.net/site/content?id=5199d06a150ba00d7b0000c3#.UZwfGRX-K1s

ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးအာမခံ

၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ချမှတ်ခဲ့သော အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ လူမှုဖူလုံရေးစီမံကိန်း (social security scheme) တွင် အကျုံးမဝင်ဘဲ တရားမဝင်စီးပွားရေးလုပ်ငန်းများတွင် ပါဝင်နေသော မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ရွှေ့ပြောင်းအလုပ်သမားများအားလုံးနှင့် လူမှုဖူလုံရေး စီမံကိန်း၏ အကျိုးခံစားခွင့်များထိရောက်စွာရရှိရေး စောင့်ဆိုင်းနေကြသော တရားဝင်အလုပ်ခွင်များတွင် လုပ်ကိုင်နေကြသည့် ရွှေ့ပြောင်းအလုပ်သမားများအတွက် ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုနှင့် သတင်းအချက်အလက်များ ထောက်ပံ့ကူညီပေးနိုင်ရန် ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာနမှ အဓိက လုပ်ကိုင်ပေးသွားမည် ဖြစ်သည်။[၁] ရွှေ့ပြောင်းလုပ်သားများအတွက် ကျန်းမာရေးစစ်ဆေးမှုနှင့် အာမခံဆိုင်ရာဝန်ကြီးဌာနအဆင့် ကြေငြာချက်ကို ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ ၂၀၁၃ ခုနှစ် မတ်လ ၂၂ နေ့စွဲဖြင့် ထုတ်ပြန်ပေးခဲ့သည်။ ယင်းကြေငြာချက်တွင် အိမ်နီးချင်း ၃ နိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများအတွက် ကျန်းမာရေးစစ်ဆေးမှုများနှင့် အာမခံရရှိရေးဆောင်ရွက်နိုင်ရန်အတွက် အသေးစိတ်အချက်အလက်များနှင့် လမ်းညွှန်ချက်များ ပါဝင်သည်။ ဝန်ကြီးဌာနအဆင့်ကြေငြာချက်တွင် ပါဝင်သော သက်ဆိုင်ရာသတင်းအချက်အလက်များနှင့် တိုးချဲ့ထုတ်ပြန်ချက်များကို အောက်ပါအတိုင်း အကျဉ်းချုံးဖော်ပြထားပါသည် –

အကျုံးဝင်သောအဖွဲ့များနှင့် ပေးသွင်းရမည့်ငွေကြေးပမာဏ

၁) လူမှုဖူလုံရေးစီမံကိန်းတွင်အကျုံးဝင်ရန်အရည်အချင်းပြည့်မီပြီး ဆက်လက်ဆောင်ရွက်ရန် စောင့်ဆိုင်းနေသော ရွှေ့ပြောင်းအလုပ်သမားများ (ထိုင်းဘတ်ငွေ ၁,၀၄၇)

- ကျန်းမာရေးစစ်ဆေးခြင်း တစ်ဦးလျှင် ထိုင်းဘတ်ငွေ ၆၀၀
- ကျန်းမာရေးအာမခံ တစ်ဦးလျှင် ထိုင်းဘတ်ငွေ ၄၄၇
  (ကျန်းမာရေးအာမခံ ဝယ်ယူရရှိသည့် နေ့မှစ၍ ၃ လအတွင်း အကျုံးဝင်သည်)

၂) လူမှုဖူလုံရေးစီမံကိန်းအတွက်အရည်အချင်းမပြည့်မီသော ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏ မှီခိုသူများ (ထိုင်းဘတ်ငွေ ၁,၉၀၀)

- ကျန်းမာရေးစစ်ဆေးခြင်း တစ်ဦးလျှင် ထိုင်းဘတ်ငွေ ၆၀၀
- ကျန်းမာရေးအာမခံ တစ်ဦးလျှင် ထိုင်းဘတ်ငွေ ၁,၃၀၀
  (ကျန်းမာရေးအာမခံ ဝယ်ယူရရှိသည့် နေ့မှစ၍ ၁ နှစ်အတွင်း အကျုံးဝင်သည်)

၃) ရွှေ့ပြောင်းလုပ်သားများ၏ အသက် ၁၅ နှစ်အောက် သားသမီးများ (ထိုင်းဘတ်ငွေ ၃၆၅)

- ကျန်းမာရေးအာမခံ တစ်ဦးလျှင် ထိုင်းဘတ်ငွေ ၃၆၅
  (ကျန်းမာရေးအာမခံ ဝယ်ယူရရှိသည့် နေ့မှစ၍ ၁ နှစ်အတွင်း အကျုံးဝင်သည်)

---

[၁] လူမှုဖူလုံရေးရံပုံငွေသို့ ၃ လစာငွေ ပေးသွင်းပြီးမှသာ လူမှုဖူလုံရေးစီမံကိန်း၏ အကျိုးခံစားခွင့်များကို ရရှိလာမည် ဖြစ်သည်။

ကျန်းမာရေးစစ်ဆေးမှုအတွက် လိုအပ်သော စာရွက်စာတမ်းများ

- နိုင်ငံကူးလက်မှတ်/ယာယီနိုင်ငံကူးလက်မှတ် (သို့) သက်ဆိုင်ရာ ထိုင်းနိုင်ငံအစိုးရအဖွဲ့အစည်းများမှ ထုတ်ပေးထားသော ဂဏာန်း ၁၃ လုံးပါသည့် ထောက်ခံချက်၊ နိုင်ငံသားအဖြစ် သက်သေပြရန် အထောက်အထားမရှိပါကဓါတ်ပုံနှင့်လက်ဗွေတို့ပါဝင်သောကိုယ်ရေးအချက်အလက်မှတ်တမ်းများ ကိုကောက်ခံလိမ့်မည်။

ကျန်းမာရေးစစ်ဆေးမှုပြုလုပ်၍ ကျန်းမာရေးအာမခံရယူနိုင်ရန် သွားရောက်ရမည့်နေရာများ

- ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသော ဒေသဆိုင်ရာပြည်သူ့ကျန်းမာရေးရုံးများ (သို့) ဆေးဝါးကုသရေး ဝန်ဆောင်မှုဌာနများ၊
- အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုရုံး၏ ကျန်းမာရေးအာမခံ စီမံကိန်းတွင် ပါဝင်သော ပုဂ္ဂလိက ကျန်းမာရေးဆိုင်ရာ ထောက်ပံ့မှုဌာနများ

ဖြည့်စွက်ချက် – ကျန်းမာရေးစစ်ဆေးမှုနှင့် အာမခံနှစ်မျိုးစလုံးကို ရွှေ့ပြောင်းအလုပ်သမားများအား အလုပ်လုပ်ကိုင်ခွင့်ပြုထားသော ဒေသအတွင်းရှိ ကျန်းမာရေးဌာနတွင် ပြုလုပ်ရမည်။ သို့ရာတွင် ဆောက်လုပ်ရေးလုပ်ငန်းနှင့် ငါးဖမ်းလုပ်ငန်းတို့တွင် လုပ်ကိုင်နေကြသော ရွှေ့ပြောင်းအလုပ်သမားများအတွက် ကင်းလွတ်ခွင့်များပေးထားသည်။ ငါးဖမ်းလုပ်ငန်းတွင် လုပ်ကိုင်နေကြသော ရွှေ့ပြောင်းလုပ်သားများအား ကမ်းရိုးတမ်းဒေသ ၂၂ ခုတွင် ကျန်းမာရေးစစ်ဆေးမှုနှင့် အာမခံရရှိနိုင်စေရန် ဆောင်ရွက်ခွင့်ပေးထားသည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော ရွှေ့ပြောင်းလုပ်သားများသည် အလုပ်အကိုင်ခန့်ထားရေးဌာန (သို့) ဒေသဆိုင်ရာအလုပ်အကိုင်ခန့်ထားရေးရုံးများမှ သတ်မှတ်ပေးထားသော ကျန်းမာရေးဆိုင်ရာ ထောက်ပံ့မှုဌာနများတွင် ကျန်းမာရေးစစ်ဆေးမှုနှင့် အာမခံရရှိရေး ဆောင်ရွက်နိုင်သည်။

အကျိုးကျေးဇူးများ

ရွှေ့ပြောင်းအလုပ်သမားများသည် (ကလေးငယ်များမှအပ) တစ်ကြိမ်ဆေးကုသမှု ခံယူတိုင်း ထိုင်းဘတ်ငွေ ၃၀ ပေးချေရမည်။ ကျန်းမာရေးမြှင့်တင်မှုပြုလုပ်ခြင်း (သို့) ရောဂါကာကွယ်ခြင်း/ထိန်းချုပ်ခြင်း/စောင့်ကြပ်ကြည့်ရှုခြင်း ဝန်ဆောင်မှုများ ပြုလုပ်ရပါက ရွှေ့ပြောင်းအလုပ်သမားများထံမှ ထိုင်းဘတ်ငွေ ၃၀ ကို ကောက်ခံမည်မဟုတ်ပါ။ ကျန်းမာရေးအာမခံဝန်ဆောင်မှုတွင် အောက်ပါ အကျိုးကျေးဇူးများအား ခံစားရရှိနိုင်မည်–

ကျန်းမာရေးစစ်ဆေးခြင်း/ဆေးဝါးကုသခြင်းနှင့်အထွေထွေပြန်လည်ထူထောင်ပေးခြင်း ဝန်ဆောင်မှုများ

- ဆေးစစ်မှုပြုလုပ်ခြင်း၊ ရောဂါစစ်ဆေးခြင်းနှင့် မွေးဖွားသည့်အချိန်မှစ၍ ၂၈ ရက်သားအထိ မွေးကင်းစကလေးစောင့်ရှောက်ခြင်းနှင့်အတူ မီးဖွားခြင်းနှင့် ဆက်စပ်သောကုသမှုများ၊ ကုသမှုပြုလုပ်စဉ်တစ်လျှောက် ဆေးဘက်ဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်းနှင့် သက်ဆိုင်ရာစုံစမ်းရေးကော်မရှင်မှ ခွင့်ပြုသည့် သမရိုးကျမဟုတ်သော ကုသပေးခြင်းများ၊
- သွားနှုတ်ခြင်း (ခွဲစိတ်ထုတ်ပယ်ခြင်း သို့မဟုတ် အံဆုံး/ငုပ်နေသောသွားများ နှုတ်ခြင်းအပါအဝင်) သွားဖာခြင်း၊ သွားအညစ်အကြေးများ သန့်စင်ခြင်း၊
- အစားအသောက်ဝန်ဆောင်မှုများနှင့် သာမန်လူနာနားနေခန်း၊

- နိုင်ငံလုံးဆိုင်ရာအခြေခံကျသောဆေးဝါးများစာရင်းအရထောက်ပံ့ပေးသည့်ဆေးဝါးနှင့် ဆေးပစ္စည်းများ၊
- ကျန်းမာရေးဌာနများအကြား လူနာလွှဲပြောင်းပေးခြင်း၊
- အခြေခံကျသော ကာကွယ်ဆေးများ (အသက် ၀ မှ ၁၅ နှစ်အကြားရှိ ကလေးများအတွက်)

ကျန်းမာရေးမြှင့်တင်ခြင်း၊ ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်းဆိုင်ရာ ဝန်ဆောင်မှုများ

- ကလေးကျန်းမာရေး စစ်ဆေးမှုမှတ်တမ်းနှင့်အပါအဝင် တစ်ဦးချင်းအလိုက် ဆေးကုသမှုများအား သိရှိနိုင်စေရန် ကျန်းမာရေးမှတ်တမ်းစာအုပ် စီမံပြုလုပ်ခြင်း၊
- ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ စောင့်ရှောက်ခြင်းနှင့်အတူ မီးဖွားပြီး နောက်ပိုင်း ဝန်ဆောင်မှု၊
- ရောဂါဖြစ်နိုင်ချေများသူတို့အတွက် ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်ခြင်း၊
- မိခင်မှကလေးသို့ ကူးစက်မှုအတွက်ကာကွယ်ရန် အိပ်ချ်အိုင်ဗွီ (HIV) ဆေးဝါးများ၊
- မိသားစု စီမံချက်များ၊
- အိမ်တိုင်ရာရောက်ကျန်းမာရေးစစ်ဆေးခြင်းနှင့် အိမ်တွင်းကျန်းမာရေးစောင့်ရှောက်မှု၊
- ပုဂ္ဂိုလ်ရေးရာ (ဥပမာ– ရွှေ့ပြောင်းလုပ်သားကျန်းမာရေးလုပ်ရှားဆောင်ရွက်သူများ)နှင့် ပုံနှိပ်စာစောင်များမှတဆင့် မိသားစုများနှင့် လူတစ်ဦးချင်းစီအတွက် ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများ ဖြန့်ဝေခြင်း၊
- ဆွေးနွေးလမ်းညွှန်မှုနှင့် ကျန်းမာရေးမြှင့်တင်ခြင်းဆိုင်ရာ လှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်နိုင်ရေး ထောက်ပံ့ကူညီမှုပေးခြင်း၊
- သွားနှင့်ခံတွင်းဆိုင်ရာကျန်းမာရေးနှင့် ခံတွင်းရောဂါများ တားဆီးကာကွယ်ရန် ကြိုတင်စီမံပြုလုပ်ခြင်း၊ ဥပမာအားဖြင့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးစစ်မှုပြုလုပ်ခြင်း၊ သွားကျန်းမာရေးဆွေးနွေးလမ်းညွှန်မှုများ၊ သွားပိုးစားခြင်း/ သွားပျက်ဆီးခြင်းများ ဖြစ်နိုင်ချေများသောလူစုအတွင်း ဖလူအိုရိုက် ဒြပ်ပေါင်းများ ထောက်ပံ့ပေးခြင်း၊
- ရောဂါပိုးထိန်းချုပ်ခြင်း။

ကျန်းမာရေးအာမခံချက်တွင် အောက်ဖော်ပြပါအချက်များအတွက် အကျုံးမဝင်ပါ –

- စိတ်ဝေဒနာရှင်များ၊
- မူးယစ်ဆေးနှင့် အခြားသော စိတ်ကိုပြောင်းလဲစေနိုင်သည့် ဆေးစွဲနေသူများအား ကုသပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း၊
- စက်ယန္တရားထိခိုက်ခံရသူများအတွက်ကာကွယ်ခြင်းဥပဒေအရ အကျိုးခံစားခွင့်ရှိသူများ စက်ယန္တရားဖြင့် ထိခိုက်မိခြင်း၊
- မြုံခြင်းအတွက် ကုသပေးခြင်း၊
- မေထုန်မှဲ့သားစပ်ခြင်း၊

- လိင်ပိုင်းဆိုင်ရာပြောင်းလဲခွဲစိတ်ခြင်း၊
- ဆေးကုသမှုမဟုတ်ဘဲ အလှပြုပြင်ရေးပစ္စည်းများကြောင့် ဖြစ်ပေါ်လာသော သက်ရောက်မှုအမျိုးမျိုး၊
- ဆေးဘက်ဆိုင်ရာညွှန်ကြားမှုမလိုအပ်ဘဲ ဆေးကုသခြင်း (သို့) ရောဂါရှာဖွေခြင်းနှင့် အခြားသော စစ်ဆေးမှုများ ပြုလုပ်ခြင်း၊
- ဆေးဘက်ဆိုင်ရာညွှန်ကြားချက်အရ (သို့) ထပ်တိုးလာသောရောဂါသစ်အတွက် ဆေးကုသမှုခံယူရန်လိုအပ်ခြင်းမှအပ အတွင်းလူနာတစ်ဦးအား ရောဂါတစ်မျိုးတည်းအတွက် ရက်ပေါင်း ၁၈၀ ထက်ကျော်လွန်၍ ဆေးကုသမှုပေးခြင်း၊
- သုတေသနပြု ဆေးကုသခြင်းများ၊
- ကျောက်ကပ်အတွင်းသန့်စင်မှု (ESRD) ပြုလုပ်ထားရပြီး နောက်ဆုံးအဆင့် ကျောက်ကပ်ဝေဒနာခံစားနေရသော လူနာများအား ဆေးကုသမှုပေးခြင်း၊
- ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသခြင်း၊
- သွားတုပြုလုပ်ခြင်း။

<u>ရွှေ့ပြောင်းလုပ်သားနေရပ်ပြန်ပို့ခြင်းရံပုံငွေဆိုင်ရာ ဝန်ကြီးဌာနအဆင့် ပြဋ္ဌာန်းချက်အား အစိုးရအဖွဲ့မှ အတည်ပြုခြင်း</u>

ရွှေ့ပြောင်းလုပ်သားနေရပ်ပြန်ပို့ရေးရံပုံငွေသို့ အလုပ်သမားများမှ ကူညီထည့်ဝင်နိုင်ရန်အတွက် အလုပ်အကိုင်အမျိုးအစားနှင့် ထည့်ဝင်ရမည့်ငွေပမာဏ သတ်မှတ်ထားသော ဝန်ကြီးဌာနအဆင့် ပြဋ္ဌာန်းချက်မူကြမ်းအား အစိုးရအဖွဲ့မှ မူဝါဒအရ သဘောတူညီသည့် ဆုံးဖြတ်ချက်ကို ၂၀၁၃ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် ချမှတ်ခဲ့သည်။ ဝန်ကြီးဌာနအဆင့် ပြဋ္ဌာန်းချက်သည် မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ရွှေ့ပြောင်းလုပ်သားအားလုံးအတွက် အလုပ်သမားနေရပ်ပြန်ပို့ရေး ရံပုံငွေသို့ ထိုင်းဘတ်ငွေ ၁,၀၀၀ အထိ လျှော့ချထည့်ဝင်နိုင်သည်။ အလုပ်သမားများ၏လုပ်ခလစာမှ ထည့်ဝင်ကြေးဖြတ်တောက်ရန် လိုအပ်သည့်ကာလကို ၆ လမှ ၄ လ အထိ လျှော့ချပေးခဲ့ပြီး၊ တနည်းအားဖြင့် အလုပ်ရှင်နှင့် အလုပ်သမားအကြား ရေးထိုးထားသည့် သဘောတူညီမှုအရလည်း ပေးသွင်းနိုင်သည်။

ဝန်ကြီးဌာနအဆင့် ပြဋ္ဌာန်းချက်သည် **၂၀၁၄ ခုနှစ် မတ်လ ၁ ရက်နေ့**မှ စတင်၍ အကျိုးသက်ရောက်မှု ရှိလာမည် ဖြစ်သည်။

စာရင်းဇယားများ

ဇယား ၁– ၂၀၁၃ခုနှစ် ဧပြီလ ၁၃ ရက်နေ့အထိ တရားဝင်နေထိုင်ခွင့်ပြုလုပ်ရေးလုပ်ငန်းစဉ် (၂၀၁၃ခုနှစ် ဇန်နဝါရီလ ၁၅ရက်နေ့စွဲပါ အစိုးရဆုံးဖြတ်ချက်အရ)တွင် ပါဝင်ဆောင်ရွက်ပြီးသော ရွှေ့ပြောင်းသူစာရင်း

နိုင်ငံသား	ရွှေ့ပြောင်းလုပ်သား	ရွှေ့ပြောင်းလုပ်သား သားသမီးများ
ကမ္ဘောဒီးယား	၁၂၂,၈၉၉	၁,၅၉၈
လာအို (ပီဒီအာရ်)	၆၆,၀၈၂	၉၁၂
မြန်မာ/ဗမာ	၃၅၃,၈၄၁	၁,၁၂၄
စုစုပေါင်း	**၅၄၂,၈၂၂**	**၃,၆၃၄**

ဇယား ၂– ၂၀၁၃ ခုနှစ် ဧပြီလအထိ နိုင်/စစ်လုပ်ငန်းစဉ် ဆောင်ရွက်ပြီးစီးပြီး ထိုင်းနိုင်ငံအတွင်း တရားဝင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ရရှိထားပြီးသော ရွှေ့ပြောင်းလုပ်သားစာရင်း

နိုင်ငံသား	ရွှေ့ပြောင်းလုပ်သား
ကမ္ဘောဒီးယား	၈၄,၈၂၉
လာအို (ပီဒီအာရ်)	၃၀,၉၃၉
မြန်မာ/ဗမာ	၈၄၇,၄၇၅
စုစုပေါင်း	**၉၆၃,၂၄၃**

ဇယား ၃– ၂၀၁၃ ခုနှစ် ဧပြီလအထိ အမ်အိုယူ၏ လုပ်သားသစ်စုဆောင်းမှုအရ ရောက်ရှိလာပြီး ထိုင်းနိုင်ငံအတွင်း တရားဝင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ရရှိထားပြီးသော ရွှေ့ပြောင်းလုပ်သားစာရင်း

နိုင်ငံသား	ရွှေ့ပြောင်းလုပ်သား
ကမ္ဘောဒီးယား	၇၂,၇၁၇
လာအို (ပီဒီအာရ်)	၁၃,၆၃၈
မြန်မာ/ဗမာ	၂၂,၉၆၅
စုစုပေါင်း	**၁၀၉,၃၂၀**

ထိုင်းအလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ခန့်ထားရေးဌာနမှ ရယူထားခြင်း ဖြစ်ပါသည်။

ရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်ကို ရွှေ့ပြောင်းလုပ်သားစီမံခန့်ခွဲရေး၊ အိုင်အိုအမ် ထိုင်းနိုင်ငံမှထုတ်ဝေပါသည်။ အသေးစိတ်သိလိုပါက ဖုန်း : 02-3439300, fax (ဖက်စ်): 02-3439399, or e-mail: migrantnews@iom.int သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
ရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်ကို အင်တာနက်တွင် အောက်ပါလိပ်စာအတိုင်း ဖတ်ရှုနိုင်ပါသည်။
http://th.iom.int/index.php/component/remository/facilitating-migration/migration-information-notes/